# အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီက ကျင်းပသော ပြည်သူ့ညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသော အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အထွေထွေအတွင်းရေးမှူး နော်ဆဲဆဲ၏ အဖွင့်မိန့်ခွန်း

၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်

ညီလာခံ တက်ရောက်လာသော ခေါင်းဆောင်အမျိုးသမီး အမျိုးသားများ၊ လိုင်းပေါင်းစုံကနေ စောင့်ကြည့်နားထောင်နေကြတဲ့ ပြည်သူများရှင် မင်္ဂလာပါလို့ ပထမဦးဆုံး နှုတ်ခွန်းဆက်သပါတယ်။

ဒီနေ့ ကျမတို့ရဲ့ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီက ဦးဆောင်ကျင်းပတဲ့ ပြည်သူ့ညီလာခံ ဖွင့်ပွဲ အခမ်းအနားမှာ အဖွင့်မိန့်ခွန်းပြောကြားခဲ့သူ အမျိုးသားတွေ အများအပြားထဲမှာ အမျိုးသမီး (၄) ယောက်ပါဝင်တယ်။ အဲဒီ (၄) ယောက်အနက် အမျိုးသမီးအနေနဲ့ ကျမတို့ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အနေနဲ့ ဝမ်းမြောက်ဂုဏ်ယူမိကြောင်း ဦးစွာ ပြောကြားလိုပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ဒီညီလာခံကို အချိန်လုပြီး ကျင်းပကြရတာ ဖြစ်တဲ့အတွက် ပါဝင်တက်ရောက်သူ အမျိုးသမီး၊ လူငယ်တွေ လုံလုံလောက်လောက် မရှိတာကို တွေ့ရတဲ့အတွက် ကျမတို့ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အနေနဲ့ များစွာ စိတ်မကောင်းဖြစ်ရပါတယ်။ ရှေ့ဆက်ကျင်းပသွားမယ့် ညီလာခံတွေ ဖြစ်စဉ်တွေမှာတော့ အမျိုးသမီးတွေ၊ လူငယ်တွေ ဒီထက် များစွာ ပိုမိုပါဝင်လာနိုင်ဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြဖို့လည်း ဒီနေရာကနေ တိုက်တွန်းလိုက်ပါတယ်။

ကျမ နာမည်ကတော့ နော်ဆဲဆဲဖြစ်ပါတယ်။ ကျမကတော့ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ရဲ့ အထွေထွေ အတွင်းရေးမှူးဖြစ်ပါတယ်။ ဒီအမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီမှာလဲ ပထမ ဖက်ဒရယ်ဒီမိုကရေစီချာတာရေးဆွဲတဲ့ ဖြစ်စဉ်ကတည်းက ပါဝင်လာခဲ့တာဖြစ်ပါတယ်။ ဒီညီလာခံကြီးမှာ ဆွေးနွေးအတည်ပြုသွားမယ့် ဖက်ဒရယ်ဒီမိုကရေစီချာတာနဲ့ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီရဲ့ လုပ်ငန်းလမ်းညွှန်တွေကို ရေးသားပြုစုခဲ့တဲ့ အလုပ်အဖွဲ့တွေမှာလဲ စဉ်ဆက်မပြတ် ပါဝင်လာခဲ့သူတစ်ဦးလည်း ဖြစ်ပါတယ်။

**ညီလာခံ တက်ရောက်လာကြသူများ၊ လိုင်းပေါင်းစုံကနေ စောင့်ကြည့်နားထောင်နေကြတဲ့ ပြည်သူများရှင်-**

ကျမတို့တွေ ဒီနွေဦးတော်လှန်ရေးကြီးမှာ ပါဝင်ကြိုးပမ်းနေရတဲ့ အဓိက ရည်မှန်းချက်ပန်းတိုင်တွေ ရှိပါတယ်။ အားလုံးလည်း ဒီပန်းတိုင်တွေနဲ့ ရင်းနှီးကျွမ်းဝင်နေပြီးသားဖြစ်ပါတယ်။ ပထမပန်းတိုင်ကတော့ အာဏာရှင်စနစ်ပေါင်းစုံကို အမြစ်ဖြုတ်တော်လှန်ရေးဖြစ်ပါတယ်။ စစ်အာဏာရှင်ဆိုတာကတော့ အခုလက်ရှိမှာ ကျမတို့တော်လှန်နေရတဲ့ အာဏာရှင်ဖြစ်ပါတယ်။ ဒါပေမယ့် ကျမတို့တွေ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးကို အမှန်တကယ်ဘဲ လိုလားတယ်ဆိုရင်တော့ တခြားအာဏာရှင်စနစ်တွေဖြစ်တဲ့ သက်ဦးဆံပိုင် အာဏာရှင်စနစ်တွေ၊ တစ်ပါတီအာဏာရှင်စနစ်တွေ၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို အခြေခံတဲ့ အာဏာရှင်စနစ်တွေ အားလုံးကိုပါ တစ်ပြိုင်နက်တည်း အမြစ်ဖြုတ် တော်လှန်သွားရမှာဖြစ်ပါတယ်။

**ညီလာခံ တက်ရောက်လာကြသူများ၊ လိုင်းပေါင်းစုံကနေ စောင့်ကြည့်နားထောင်နေကြတဲ့ ပြည်သူများရှင် -**

ကျမတို့ရဲ့ ဒုတိယပန်းတိုင်ကတော့ စစ်မှန်တဲ့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်သွားဖို့ ဖြစ်ပါတယ်။ စစ်မှန်တဲ့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုမှာ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်တွေ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိကြပါတယ်။ မိမိတို့ ပြည်နယ်ကိုယ်စီရဲ့ ပြည်နယ် နယ်နိမိတ်အတွင်းရှိ အရေးကိစ္စတွေအားလုံး အပေါ် စီမံဆုံးဖြတ်ပိုင်ခွင့်ရှိခြင်းကို ရည်ညွှန်းပါတယ်။ အခု ဒီညီလာခံကြီးမှာ အတည်ပြုဖို့ ပြင်ဆင်ရေးဆွဲထားတဲ့ ဖက်ဒရယ်ဒီမိုကရေစီချာတာမှာ ဒီလိုအရေးကြီးတဲ့ အခြေခံအုတ်မြစ်အတွက် ဆွေးနွေးမှုတွေ မပြီးပြတ်သေးပါဘူး။ ဒီလာမယ့် ညီလာခံ ၃ ရက်အတွင်းမှာ ရှင်းလင်းပြတ်သားတဲ့ ပြဋ္ဌာန်းချက်တွေ ဆွေးနွေးအဖြေရှာသွားနိုင်မယ်လို့ ကျမတို့ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) က မျှော်လင့်ပါတယ်။

**ညီလာခံ တက်ရောက်လာကြသူများ၊ လိုင်းပေါင်းစုံကနေ စောင့်ကြည့်နားထောင်နေကြတဲ့ ပြည်သူများရှင်-**

ဒီညီလာခံကြီးကနေပြီး လုပ်ဆောင်ရမယ့် လုပ်ငန်းကြီး (၃) ရပ်ရှိတယ်လို့ ကျမတို့ နားလည်ထားပါတယ်။ ပထမလုပ်ငန်းကတော့ ကျမတို့တွေ ၁၀ လ ကျော်နီးပါး အချိန်ယူပြီး ပြင်ဆင် ဖြည့်စွက် ရေးဆွဲခဲ့တဲ့ ဖက်ဒရယ် ချာတာကို အတည်ပြုဖို့ ဖြစ်ပါတယ်။ ဒုတိယလုပ်ငန်းကတော့ ကျမတို့ရဲ့ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ ရဲ့ လုပ်ငန်းလမ်းညွှန်နဲ့ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံဖွဲ့စည်းခြင်းကို အတည်ပြုခြင်းဘဲ ဖြစ်ပါတယ်။ တတိယ လုပ်ငန်းကတော့ ၂၀၂၁ ခုနှစ် ဧပြီလကတည်းက စတင်ဖွဲ့စည်းခဲ့ပြီး ဒီ ၁၀ လ နီးပါးအတွင်း တိုးချဲ့ဖွဲ့စည်းခဲ့တဲ့ အမျိုးသားညီညွတ်ရေးအစိုးရကို အတည်ပြုပေးခြင်းဘဲ ဖြစ်ပါတယ်။

ပထမလုပ်ငန်းစဉ်ဖြစ်တဲ့ ဖက်ဒရယ်ဒီမိုကရေစီချာတာကို ကြည့်မယ်ဆိုရင် စစ်မှန်တဲ့ ဖက်ဒရယ်ဒီမိုကရေစီ စနစ်နဲ့ ဆန့်ကျင်ကွဲလွဲနေတဲ့ အချက်တွေ၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အရိပ်အငွေ့ မကင်းတဲ့ အချက်တွေ၊ တိုင်းရင်းသားတန်းတူရေးနဲ့ မကိုက်ညီတဲ့ အချက်တွေ၊ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်တွေရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို နှောက်ယှက်ဟန့်တားမှု ဖြစ်လာစေမယ့် အချက်တွေ အများကြီး ရှင်းထုတ်ဖို့ ကျန်ရှိနေပါသေးတယ်။ ဒီညီလာခံ ၃ ရက်အတွင်းမှာ ဒီအကြောင်းအရာတွေအတွက် ဆွေးနွေးအဖြေရှာသွားနိုင်မယ်လို့ ကျမတို့ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) က မျှော်လင့်ပါတယ်။

ဒုတိယလုပ်ငန်းစဉ်ဖြစ်တဲ့ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ ဖွဲ့စည်းမှုနဲ့ သူ့ရဲ့ လုပ်ငန်းလမ်းညွှန် အရေး ကိစ္စဖြစ်ပါတယ်။ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီဟာ အားလုံးသိထားကြတဲ့အတိုင်း ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ အပါအဝင်၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း တွေ၊ နိုင်ငံရေးပါတီတွေ၊ ပြည်နယ်၊ လူမျိုးအခြေပြုအတိုင်ပင်ခံကောင်စီများ၊ သပိတ်ကော်မတီတွေ၊ အလုပ်သမား သမဂ္ဂတွေ၊ CDM အဖွဲ့အစည်းတွေ၊ လူငယ်အဖွဲ့အစည်းတွေ၊ အမျိုးသမီးအဖွဲ့အစည်းတွေနဲ့ အရပ်ဖက်လူမှုအဖွဲ့ အစည်းတွေနဲ့ ဖွဲ့စည်းထားတဲ့ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီဖြစ်ပါတယ်။

ဒီလို စုံလင်များပြားတဲ့ အဖွဲ့အစည်းတွေနဲ့ ဖွဲ့စည်းထားတဲ့ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီဟာ အာဏာရှင်မျိုးစုံ အမြစ်ဖြုတ်တိုက်ဖျက်ရေးနဲ့ စစ်မှန်တဲ့ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေး ဦးဆောင်မှု အခန်းကဏ္ဍမှာ တာဝန်ရှိတဲ့ အဖွဲ့အစည်းဖြစ်တယ်လို့ ကျမတို့ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) က ခံယူထားပါတယ်။ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီက ဖွဲ့စည်းပေးထားတဲ့ အမျိုးသားညီညွတ်ရေးအစိုးရ ကိုလည်း မူဝါဒရေးရာ ဦးဆောင်မှု၊ လမ်းညွှန်မှု ပေးရမှာဖြစ်တဲ့အပြင်၊ ဒီမိုကရေစီစနစ်နဲ့ စံချိန်စံနှုန်းတွေဖြစ်တဲ့ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုတွေကို ဖော်ဆောင်နိုင်ဖို့ မူဝါဒရေးရာ ထိန်းကြောင်းမှုတွေကိုလည်း လုပ်ဆောင်သွားမယ့် တာဝန်ရှိတယ်လို့ ကျမတို့ ခံယူထားပါတယ်။

ဒီညီလာခံ ၃ ရက်အတွင်းမှာ ဒီအကြောင်းအရာတွေအတွက် ရှင်းလင်းပြတ်သားတဲ့ သဘောထားတွေ၊ ဆွေးနွေးအဖြေရှာသွားနိုင်မယ်လို့ ကျမတို့ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) က မျှော်လင့်ပါတယ်။

တတိယလုပ်ငန်းစဉ်ကတော့ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီက ဖွဲ့စည်းပေးခဲ့တဲ့ အမျိုးသား ညီညွတ်ရေးအစိုးရကို အတည်ပြုပေးသွားဖို့ဖြစ်ပါတယ်။ ဒီညီလာခံကြီးကနေ အတည်ပြုပေးသွားမယ့် ဖက်ဒရယ် ဒီမိုကရေစီချာတာနှင့်အညီ ယာယီသမ္မတရဲ့ လုပ်ငန်းတာဝန်တွေနဲ့၊ ဝန်ကြီးချုပ်ရဲ့ လုပ်ငန်းတာဝန်တွေ ရှင်းရှင်းလင်းလင်း ထွက်ပေါ်လာမယ်လို့ ကျမတို့ မျှော်လင့်ပါတယ်။ ဒီ့အပြင် အမျိုးသားညီညွတ်ရေးအစိုးရရဲ့ ဝန်ကြီး များနဲ့ ဒု-ဝန်ကြီးများအားလုံးရဲ့ လုပ်ငန်းတာဝန်တွေလဲ ပိုမိုရှင်းလင်းလာမယ်လို့ မျှော်လင့်ပါတယ်။

ကျမတို့ အားလုံးဟာ အာဏာရှင်စနစ်ကို မုန်းတီးပြီး ဒီမိုကရေစီစနစ်ကို ချစ်မြတ်နိုးကြသူများဖြစ်တဲ့ အလျောက် ဒီမိုကရေစီရဲ့ စံတန်ဖိုးတွေ၊ ဓလေ့တွေဖြစ်တဲ့ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုတွေကို အစဉ် တဆက်ဖော်ဆောင်သွားကြရမှာဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ကတော့ ဒီလာမယ့် ၃ ရက်တာအတွင်းမှာ ဆွေးနွေးညှိနှိုင်း အဖြေရှာကြတဲ့အခါ ကျမတို့ တွေရဲ့ ရပ်တည်ချက်၊ ခံယူချက်တွေက အာဏာရှင်စနစ်ပေါင်းစုံကို အမြစ်ဖြုတ် တော်လှန်နိုင်မယ်ယူဆသလား။ ကျမတို့တွေရဲ့ ရပ်တည်ချက်တွေ၊ ခံယူချက်တွေက စစ်မှန်တဲ့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို အမှန်တကယ် တည်ဆောက်နိုင်မှာလား ဆိုတာတွေကို လမ်းပြမြေပုံကဲ့သို့ အသုံးပြုသွားကြဖို့ ညီလာခံတက်ရောက်လာတဲ့ ခေါင်းဆောင်များအားလုံးကို ဒီနေရာကနေ တိုက်တွန်းလိုက်ပါတယ်။

အဲ့ဒီအပြင် အားလုံးပါဝင်မှုနဲ့ စုပေါင်းခေါင်းဆောင်မှုဆိုတဲ့ ကြွေးကျော်သံတွေနဲ့ ဖွဲ့စည်းထားတဲ့ အမျိုးသား ညီညွတ်ရေး အတိုင်ပင်ခံကောင်စီနဲ့ အမျိုးသားညီညွတ်ရေးအစိုးရဟာ အားလုံးပါဝင်မှုကို အမှန်တကယ်ဘဲ ဖော်ဆောင်နိုင်ပြီလား၊ စုပေါင်းခေါင်းဆောင်မှုကို အမှန်တကယ်ဘဲ ကျင့်သုံးနိုင်ပြီလား ဆိုတာတွေကို ပြန်လည် သုံးသပ်သွားနိုင်ဖို့ သံမိဋ္ဌာန်ပြုပြီး နွေဦးတော်လှန်ရေးကြီး မနေးအမြန် အောင်မြင်ပါစေကြောင်း ဆုမွန်းကောင်း တောင်းရင်း နိဂုံးချုပ်အပ်ပါတယ်။

ကျေးဇူးတင်ပါတယ်။

**အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)**